ဒုံမောက္ကလန်ကျေးရွာ

ဟိုပုံးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒုံမောက္ကလန်ကျေးရွာ၊ ဟိုပုံးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဧပြီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားခြီး	
	ကျေးရွာ သယံဇာတပြုမြေပုံ၊	
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၇။	ပညာရေး	
၈။	ကျန်းမာရေး	
၉။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		
	စီမံချက် အဆိုပြုလွှာ (၁)	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၀၂၆ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင် စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာ အုပ်စုအုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို လည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းပို့ချပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဇူလိုင်လ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဒုံမောက္ကလန်ကျေးရွာ၊ ဟိုပုံးမြို့နယ်


ပုံရိပ်ဖြင့်ဝင်ရောက်လာလမ်းပြပေးခြင်း
ယာဉ်ရပ်
ကြီးမားသောသစ်ပင်
ကျောက်တုံးကြီး
ကျောက်တုံးကြီး
ကျောက်တုံးကြီး

စငေါကျေးရွာအုပ်စုဒုံမောက္ကလန်ကျေးရွာရာသီခွင်ပြမြေပုံ

စငေါကျးရွာအုပ်စု၊ဒုံမောက္ကလန်ကျးရွာရွာတွင်း၊ရွာပဆက်သွယ်မှုပုံစံ



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဒုံမောက္ကလန်ကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးခရိုင်၊ဟိုပုံးမြို့နယ်၏စင်ေကျးရွာအုပ်စုတွင်တည်ရှိပါသည်။ဟိုပုံးမြို့၏အရှေ့ဘက်(၁၅)မိုင်ခန့်သာဝေး ပြီး ကျေးရွာ၏တောင်ဘက်တွင်ဒုံကောင်ကျေးရွာရှိပြီး ကျေးရွာ၏အနောက်ဘက်တွင် ကောင်တန်ကျေးရွာ၊အရှေ့ဘက်တွင်ခိုလပ်ကျေးရွာစသည်တို့တည်ရှိပါသည်။ မဲနယ်တောင်၊ တောင်တန်းပေါ်ရှိကျေးရွာတစ်ရွာဖြစ်ပြီးပအိုဝ်းလူမျိုးများနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဒုံမောက္ကလန်ကျေးရွာ၏ ရာသီဥတုမှာ ဆောင်းရာသီတွင်အေးမြစိုစွတ်ပြီးမိုးရာသီနှင့် နွေရာသီတွင်ပူပြင်းသောရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သောမြေဧရိယာမှာ လယ်မြေ (၁၀.၂)ဧက၊တောင်ယာမြေ (၆၀)ဧကနှင့်ဥယျာဉ်ခြံ(၁၅၀)၊ ဧကစုစုပေါင်း(၂၂၀.၂) ဧကသာ ရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် ခါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်းမရှိပါ။ သစ်တောများ ပြုန်းတီးမှုများလာသဖြင့် သဘာဝတိရစ္ဆာန်မျိုးစုံများရှားပါးလာပြီး မျောက်၊တောဝက်များ အနည်းငယ်ရှိပြီး စိုက်ပျိုးရာသီတွင် သီးနှံပင်များသို့ ဝင်ရောက်ဖျက်ဆီးမှုများပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကွန်နားကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၈)စုရှိပြီးကျား(၈၄)၊မ(၉၈)ဦးဖြင့် လူဦးရေပေါင်း(၁၈၂)ဦးရှိကာ တစ်အိမ်ထောင်လျှင် နိုင်ငံတော်၏ တစ်အိမ်ထောင်ပျှမ်းမျှနှုန်း (၅)ဦးနှုန်းရှိပါသည်။ကျေးရွာတွင် ပအိုဝ်းလူမျိုးများအများဆုံး နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာလူဦးရေ၏(၉၀.၄%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်ပျိုးထောင်ပေးပြီး ဒေသစီးပွားရေးဖွံ့ဖြိုး တိုးတက်

အောင် စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သောအရွယ်သည် မိခိုသူဦးရေထက် ပိုများသည် ကို တွေ့ရှိရပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဒုံမောက္ကလန်ကျေးရွာတွင်အဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ ကျေးရွာရှိအဖွဲ့အစည်း အားလုံးသည် ကျေးရွာလူမှုရေး၊ ဘာသာရေး၊ သာရေးနာရေးစသည်တို့တွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်၍ ကျေးရွာ၏လုပ်ငန်းများတွင် တက်ညီလက်ညီပူးပေါင်းပါဝင်လုပ် ဆောင်ကြသည်။ ယင်းအဖွဲ့များတွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားဆောင်ရွက်မှု အသင့်အတင့်ရှိသည်။ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ကျောင်းကော်မတီအဖွဲ့မှ ကျေးရွာမူလတန်းကျောင်း၏ ဖွံ့ဖြိုးရေးကို တက်ညီလက်ညီကူညီ ဆောင်ရွက်ပေးပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး ဇယား:

ဒုံမောက္ကလန်ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ လယ်နှင့်သနပ်ဖက်တို့ကို အဓိက စိုက်ပျိုးကြပါသည်။ အိမ်အများစုတွင် ကိုယ်ပိုင်တောင်ယာဖြင့် စိုက်ပျိုးကြပြီး မြေယာမဲ့မိသားစုအချို့မှာ ကျဘမ်းလုပ်ကိုင်အသက်မွေး ကြပါသည်။

ကျေးရွာတွင် ပညာဗဟုသုတအားနည်းခြင်း၊အစိုးရဌာနနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ချေးငွေချပေးထားခြင်းမရှိသည့်အတွက် ပိုမိုတိုးချဲ့၍စိုက်ပျိုးနိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေး အသိပညာအားနည်းမှုပြဿနာကိုရင်ဆိုင်ရပြီးငွေကြေးအရင်းအနှီးအတွက်သီးနှံပွဲစားများထံမှ အတိုးပေးပြီးငွေကြေးအရင်းအနှီးများကို ချေးယူသုံးစွဲရသည့်အတွက် ကုန်ကျစရိတ်မြင့်မားလျက်ရှိပါသည်။ ကျေးရွာတွင်သနပ်ဖက်ခြံကို အဓိကစိုက်ပျိုးကြပါသည်။ ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေမှန်ကန်မှုပေါ်မူတည်၍ အထွက်နှုန်းကောင်းသည့်နှစ်လည်းရှိသကဲ့သို့ ရံဖန်ရံခါဆုံးရှုံးမှုများဖြစ်ပေါ်တတ်ကြပါသည်။

ကျေးရွာတွင်အများစုမှာ မိရိုးဖလာစိုက်ပျိုးရေးစနစ်များကိုသာအသုံးပြုကြပါသည်။ ကျေးရွာတွင် ကျွဲ၊နွား အနည်းငယ်သာရှိသဖြင့် သဘာဝမြေဩဇာများကို အနည်းငယ်သာသုံး

စွဲနိုင်ပြီး ဓာတ်မြေဩဇာများကို ဟိုပုံးမြို့မစျေးတွင် အလွယ်တကူဝယ်ယူရရှိနိုင်သည်။ ထွက်ကုန်များကို ဟိုပုံးမြို့နှင့် တောင်ကြီးမြို့တွင်ရောင်းချနိုင်သည်။ ဆေးဆိုင်များမှ ရောင်းချသည့်ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြပါသည်။ တောင်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းခွင်အတွက် ငွေကြေးအရင်းအနှီး မပြည့်စုံမှုနှင့် စိုက်ပျိုးရေးအသိပညာအားနည်းမှု ပြဿနာကိုရင်ဆိုင်ရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဒုံမောက္ကလန်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်သာလုပ်ကိုင်ကြပြီး စီးပွားဖြစ်လုပ်ကိုင်ခြင်းမရှိသေးပါ။ ကျေးရွာ၏သဘာဝပတ်ဝန်းကျင်အနေအထားများမှာ တောင်စောင်းတောင်ကုန်းများဖြစ်သောကြောင့်လည်းကောင်း မွေးမြူသူဦးရေနည်းပါးရခြင်းဖြစ်ပါသည်။ မွေးမြူရေးလုပ်ကိုင်ရန်နည်းပညာဝန်ဆောင်မှုများနှင့် စာမြေရှားပါးမှုများသည် အဓိကအခက်အခဲဖြစ်ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်းပါသည်။မွေးမြူရေးဆိုင်ရာအဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ရန်ချေးငွေနှင့် နည်းပညာကို အလွယ်တကူမရနိုင်ချေ။

နိုင်ငံတော်အနေဖြင့်နှစ်ရှည်ချေးငွေများထုတ်ချေးလျှင်အဆင်ပြေနိုင်သည်။ကျေးရွာထဲငွေချေးငှားသူများထံတွင် ချေးငှားလျှင်လည်း အတိုးနှုန်းမြင့်မားပါသည်။ကျေးရွာတွင် ငါးမွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာအိမ် တွင်ကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းအနေဖြင့်၊ အိမ်ဆိုင်များဖွင့်၍အိမ်ဆိုင်များတွင် စားသောက်ကုန်နှင့် လူသုံးကုန်များအနည်းငယ်ရောင်းချကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ချေကိုက်မှု မှာ အသင့်အတင့်အနေအထား တွင်ရှိသည်။ လက်လုပ်လက်စားများမှာ စိုက်ပျိုးရာသီတွင် ကိုယ်ပိုင်စိုက်ပျိုးရေးကိုလုပ်ကိုင်ပြီး ကျန်အချိန်များတွင် ဝင်ငွေရအောင်နေ့စားလိုက်ပါသည်။ အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားခြင်းကြောင့် ထိုအခြေအနေမှာကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်တို့ကျေးရွာတွင်ငွေကြေးဆိုင်ရာဝန်ဆောင်မှုအနေဖြင့် အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ချေးငွေချေးထားခြင်းမရှိသည့်အတွက်ပွဲစားများထံမှ ချေးပေးသည့်ချေးငွေကို ချေးယူသုံးစွဲကြပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မော်တော်ဆိုင်ကယ်များမှာ အိမ်တိုင်းတွင်ရှိပြီး အဆင်ပြေသောအိမ်အချို့တွင် ကားများရှိပါသည်။ ကျေးရွာတွင်းလမ်းများမှာသည် မြေသားလမ်းဖြစ်ပြီးခင်းသည့် ကာလကြာမြင့်ပြီဖြစ်သောကြောင့် မိုးရာသီတွင်အပျက်အစီးများပြီး သွားလာရခက်ခဲပါသည်။ ချဉ်းကပ်လမ်းမှာ ကျောကခင်းလမ်းဖြစ်သည့်အတွက် သွားလာရာတွင် အဆင်ပြေမှုရှိကြောင်းတွေ့ရှိရပါ သည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် ရေအားလျှပ်စစ်သုံးစွဲသူ(၅)အိမ်ရှိပြီးကျန်သောအိမ်ထောင်စုများမှာ ဆိုလာမီးကိုသုံးစွဲကြပါသည်။ မိုးရာသီတွင်မိုးအုပ်ခြင်း၊ရေကြီးခြင်းကြောင့် ရေအားလျှပ်စစ်နှင့် ဆိုလာသုံးစွဲသူများအတွက် အခက်အခဲများရှိပါသည်။ မဟာဓာတ်အားလိုင်းနှင့်(၂)မိုင်ခန့်သာကွာဝေးပါသည်။ငွေကြေးအဆင်မပြေမှုကြောင့် မဟာဓာတ်အားလိုင်းရရှိရန် ခက်ခဲလျက်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဒုံမောက္ကလန်ကျေးရွာသည်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားဝန်ဆောင်မှုများ လက်လမ်းမီအသုံးပြုနိုင်သည်။ အင်တာနက်လိုင်းသည်ကောင်းမွန်စွာရရှိပြီး သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ပါသည်။ တောင်စောင်းကျေးရွာဖြစ်သောကြောင့် တောင်ခြေတွင်ရှိသောအိမ်ထောင်စုများမှာ အင်တာနက်အသုံးပြုရန်

ခက်ခဲပြီးတောင်ပေါ်တွင်ရှိသောအိမ်ထောင်စုများသာ အင်တာနက်သုံးစွဲမှုအဆင်ပြေကြောင်း တွေ့ရှိရပါသည်။

၇။ ပညာရေး

ဒုံမောက္ကလန်ကျေးရွာတွင် ကျောင်းတက်သည့်လူဦးရေစုစုပေါင်း(၂၆)ဦးရှိကာ တက္ကသိုလ်အဆင့်နှင့် အထက်တန်းအဆင့်ရှိသူနည်းပါးသောကြောင့် ကျေးရွာ၏ ပညာရေး အဆင့်အတန်းမှာ များစွာအားနည်းကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်မူလွန်ကျောင်းရှိပြီး အလယ်တန်းကိုစအွန်ကျေးရွာအလယ်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားကြရပြီး အထက်တန်းကို ဟိုပုံး(သို့မဟုတ်)စငေါအထက်တန်းကျောင်းများသို့ သွားရောက်ပညာသင်ကြားရပါသည်။ ကျေးရွာသူ/သားအများစုသည် ပညာရေးတွင် အခြေခံအရေးအဖတ်လောက်သာတတ်မြောက်ကြသော်လည်း စာမတတ်သူနည်းပါးပါသည်။ ယောကျ်ားလေးများသည် ဘုန်းကြီးကျောင်းစာတတ်မြောက်ကြပါသည်။ ကျေးရွာတွင် ငွေကြေးအဆင်မပြေမှုများနှင့် အသိပညာဗဟုသုတနည်းပါးသောကြောင့် အလယ်တန်းနှင့် အထက်တန်းတက်ရောက်သူ နည်းပါးလျက်ရှိပါသည်။

၈။ ကျန်းမာရေး

ကျေးရွာရှိအိမ်ခြေ(၃၈)အိမ်လုံးယင်လုံအိမ်သာများကို သုံးစွဲသောကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမရှိပါ။ အခြားဖျားနာရောဂါနှင့်သားဖွားခြင်းအရေးပေါ်ဖြစ်ပါက ကျေးရွာနှင့် (၂)မိုင်ခန့်ဝေးသော စအွန်ရွာရှိ ကျေးလက်ဆေးပေးခန်းတွင် ကုသကြပြီး အခြားကျန်းမာရေးအရကြီးကြီးမားမားဖြစ်သည့်အခါ ဟိုပုံးမြို့နယ်ဆေးရုံနှင့် တောင်ကြီးမြို့နယ်ဆေးရုံများသို့ သွားရောက်ကုသကြပါသည်။ကျေးရွာရှိအိမ်ထောင်စုများသည်(၂)မိုင်ခန့် ဝေးသော စိမ့်စမ်းရေကို သောက်သုံးရေအဖြစ် သုံးစွဲကြပါသည်။မိုးရာသီနှင့်ဆောင်းရာသီတွင် သောက်သုံးရေလုံလောက်စွာရရှိပြီး နွေရာသီမှာ ရေထွက်နည်းသောကြောင့် ရေသုံးစွဲမှုအနည်းငယ်အခက်အခဲရှိပါသည်။ ရေအားလျှပ်စစ်သုံးစွဲသူများလည်းမီးအားလျော့ကျသွားပါသည်။ ရေအရည်အသွေး စစ်ဆေးထားခြင်းမရှိပါ။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်နှင့် သဘောဝပတ်ဝန်းကျင်အနေဖြင့် စွန့်ပစ်ပစ္စည်းအလွန်နည်းပါးပြီးအမှိုက်များအား ရွာနှင့်ဝေးသောနေရာတွင် စွန့်ပစ်ပြီး တခြားအိမ်

ထောင်စုများကတော့ အမှိုက်ကျင်းတူးကာစွန့်ပစ်ကြပါသည်။ ကျန်သည့်သဘာဝဘေး အန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအခက်အခဲမှာ အသင့်အတင့်ရှိကြောင်း တွေ့ရပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာ၏အုပ်ချုပ်မှုစနစ်များတွင် အမျိုးသမီးပါဝင်မှုအလွန်အားနည်းပါသည်။ မိမိတို့ ကျေးရွာသည် တရားဥပဒေစိုးမိုးသောကျေးရွာဖြစ်သောကြောင့် အကြမ်းဖက်မှုများ၊ တိုင်ကြားမှုများမရှိပေ။ ထို့အတူ ကျေးရွာသူ/သားများ၏ အသိပညာ၊ ဗဟုသုတအား နည်းမှုများကြောင့် တရားဥပဒေနှင့် ပတ်သက်၍ အသိအမြင်များမရှိပေ။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲ၊ နှစ်သစ်ကူးပွဲများရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူကြီး/လူငယ်၊ ကျား/မ မရွေးတက်ကြွစွာပါဝင်လုပ် ဆောင်ကြပါသည်။ အခြားအားကစားရေးရာနှင့် အပန်းဖြေဗဟုသုတရှာမှီးရန်နေရာများ၊ စာကြည့်တိုက်များမရှိခြင်းနှင့်အဖွဲ့အစည်းများ၊ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်မှု အားနည်းခြင်းကြောင့် လူများ၏ အတွေးအခေါ်၊အသိပညာဗဟုသုတများ အနည်းငယ် နောက်ကျနေသဖြင့် မရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်လိုအပ်လျက်ရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေးအ ဖွဲ့အစည်းများဖွဲ့စည်းပါသည်။ ထိုအဖွဲ့အစည်းများမှာ ဥက္ကဋ္ဌ၊ရပ်မိရပ်ဖ၊ ဆယ်အိမ်မှူး၊ကျေးရွာကော်မတီ၊ကျေးရွာ လူငယ် ဟူ၍အဖွဲ့အစည်း(၅)ဖွဲ့ရှိပါသည်။ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မှုခင်း ဖြစ်ပွားခြင်းမရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇
၁	ဘက်စုံသုံးခန်းမ	၁	✓				
၂	မဟာဓာတ်အားလိုင်း	၂	✓	✓	✓	✓	✓
၃	ကုန်ထုတ်လမ်း	၃		✓			
၄	ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း	၄		✓			
၅	ရွာတွင်းလမ်း	၅			✓		
၆	ကျောင်းခြံစည်းရိုးကာရံခြင်း	၆			✓		
၇	စက်မှုလက်မှုသင်တန်း	၇	✓	✓	✓	✓	✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- ဒုံမောက္ကလန်ကျေးရွာ
ကျေးရွာအုပ်စု	- စငေါအုပ်စု
မြို့နယ်	- ဟိုပုံးမြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်တောင်ပိုင်း
စီမံချက်အမည်	**-ဘက်စုံသုံးခန်းမဆောက်လုပ်ခြင်း**
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	ဒုံမောက္ကလန်ကျေးရွာတွင် သာရေး၊နာရေး၊လူမှုရေးကိစ္စများဆောင်ရွက်ရန်နေရာ မရှိသောကြောင့် ကျေးရွာပိုင်ဘက်စုံသုံးခန်းမဆောက်လုပ်ရန် လိုအပ်လျက် ရှိပါသည်။
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	ကျေးရွာသူ/သားများ လူမှုရေး၊သာရေး/နာရေးကိစ္စများ ရပ်ရေး၊ရွာရေးကိစ္စများလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)	ကျေးရွာတွင် ဘက်စုံသုံးခန်းမ ဆောက်လုပ်ပြီးပါက ကျေးရွာသူ/သားများ၊ရပ်ရေးရွာရေးကိစ္စများ ပိုမိုဆောင်ရွက်နိုင်ခြင်းကြောင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ပါမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

ကျေးရွာပိုင်ဘက်စုံသုံးခန်းမဆောက်လုပ်ခြင်းနှင့်နှစ်ခန်းတွဲအိမ်သာဆောက်လုပ်ခြင်းလုပ်ငန်း ၄၀'x၃၀'x၁၂'၊၈'x၄'x ၆.၅'

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• (ငွေသား) ကျပ် (၁၀၀) သိန်း • • (ပစ္စည်း/လုပ်အား) ကျပ်သန်း(၆.၆၉) •)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၈၃	၉၉	၁၈၂	၆	၁၁	၆	၁၅	၃၈
အကျိုးခံစားမည့်သူဦးရေ	၈၃	၉၉	၁၈၂	၆	၁၁	၆	၁၅	၃၈
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- ကျေးရွာလူငယ်အဖွဲ့
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) **စီမံချက်စတင်မည့် အချိန်ခန့်မှန်း** - ၁၅.၈.၂၀၂၂

(၃) **စီမံချက် ပြီးစီးမည့် အချိန်** - ၃၁.၁၂.၂၀၂၂

(၄) **ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

ကျေးရွာမှအဓိကအားဖြင့်လုပ်အားပါဝင်ကူညီသွားမည်ဖြစ်ပြီးတစ်အိမ်တစ်ယောက်လုပ်အားပါဝင်ပေးရမည်ဖြစ်ပါသည်။ အမှန်တကယ်လုပ်အားပါဝင်ပေးနိုင်ခြင်းမရှိပါက ငွေကြေးမဖြစ်မနေပါ ဝင်ပေးရမည်ဖြစ်ပါသည်။

(၅) **လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

ကျေးရွာပိုင်ဘက်စုံသုံးခန်းမအား ရေရှည်တည်တံ့စေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းကာ ပျက်ဆီးမှုများရှိပါက အချိန်နှင့်တပြေးညီပြန်လည်ပြင်ဆင် သွားမည်။ လိုအပ်ပါက ကျေးရွာမှ အလှူငွေများကောက်ခံကာ ပြုပြင်ခြင်းများ ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

စငေါကျးရွာအုပ်စု၊ ဒုံမောက္ကလန်ရွာ၊ ကျးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁။	ခွန်တလေ	၁၃/ဟပန(နိုင်) ၁၀၄၂၄၂	ဥက္ကဋ္ဌ	ချက်လက်မှတ်ထိုး
၂။	နန်းနုနုလှိုင်	၁၃/ဟပန(နိုင်) ၀၉၁၀၈၉	အတွင်းရေးမှူး	ချက်လက်မှတ်ထိုး
၃။	ခွန်အောင်ဇော်	၁၃/ဟပန(နိုင်) ၀၉၀၇၂၄	ဝယ်/ဥက္ကဋ္ဌ	ချက်လက်မှတ်ထိုး
၄။	ဦးသိန်းငွေ	၁၃/ဟပန(နိုင်) ၁၇၇၅၃၅	ဘဏ္ဍာရေးမှူး	
၅။	ခွန်အောင်ဖေ	၁၃/ဟပန(နိုင်) ၀၇၁၆၃၃၀	အဖွဲ့ဝင်	
၆။	ခွန်ထွန်းဟန်	၁၃/ဟပန(နိုင်)၀၉၇၈၃၀	အဖွဲ့ဝင်	
၇။	နန်းဗိုခုံ	၁၃/ဟပန(နိုင်)၁၁၀၆၂၀	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၁	၃		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၆	၈	၁၄		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၈	၁၀	၁၈		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၂	၃	၁၅		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၅၄	၇၄	၁၂၈	၂	၁
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁	၃	၄		
စုစုပေါင်း		၁၁၉	၁၁၄	၂၃၃	၂	**၁**
စုစုပေါင်း အိမ်ထောင်စု						**၃၈**

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ဒုံမောက္ကလန်ကျေးရွာတွင်အိမ်ထောင်စု(၃၇)စုနှင့်လူဦးရေပေါင်း(၁၈၂)ဦးရှိပါသည်။အလုပ်လုပ် နိုင်သူဦးရေမှာ ကျေးရွာ လူဦးရေ၏(၆၀%)ခန့်ရှိပြီးကျေးရွာစီးပွားဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁၉	၀	၄	၄	၅		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၈	၇၇					မြင့် ☐ လတ်☐ နိမ့် ☑
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၅					မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁	၁					မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်							မြင့် □ လတ်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။။။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**”အရေအတွက်တွင်“**မိသားစုဝင်လုပ်အား**”**ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“**စိုက်ပျိုးရေး**” ကဏ္ဍ၏ “**ကိုယ်ပိုင်လုပ်ငန်း**” တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လက်သမား၊ပန်းရံစသော လုပ်ငန်းလုပ်ကိုင်သူအနည်းငယ်ရှိကာ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ခြင်းမရှိဘဲ စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်လျက်ရှိ ကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၆၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၆၀၀၀		
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် တောင်ယာလုပ်ငန်းများ၌ကျား/မလုပ်အားခန္ဓနှုန်းအနည်းငယ် ကွာခြားပြီး (၆၀၀၀/၅၀၀၀)ဝန်း ကျင်သာရရှိသောကြောင့် လုပ်အားခရရှိနှုန်းမှာအလွန်းနည်းပါး၍ နေ့စားလုပ်ငန်းလုပ်ကိုင်သူများ အနေဖြင့်ခက်ခဲသည့်အခြေအနေရှိကြောင်းတွေ့ရှိရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၀.၂	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ/တောင်ယာမြေ	၁၄၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၅၆	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☑	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☑
စုစုပေါင်း	၃၁၁.၂	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လယ်မြေ(၁၀.၂)ဧက၊ယာမြေ/တောင်ယာမြေ(၁၄၅)ဧက ၊ဥယျာဉ်ခြံမြေ(၁၅၆) ဧကနှင့်စုစုပေါင်း(၃၁၁.၂)ဧကရှိပါသည်။ လယ်၊ယာ၊တောင်ယာနှင့်ဥယျာဉ်ခြံမြေကိုသာအဓိကလုပ်ကိုင်ကြပါသည်။ စားကျက်မြေအနေဖြင့် မြေလွတ်မြေလပ်အနည်းငယ်ရှိသော်လည်းငွေကြေးအခက်အခဲကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အခက်အခဲရှိကြောင်းနှင့် အစားထိုးသီးနှံများစိုက်ပျိုးရန်နည်းပညာနှင့်ငွေကြေးလိုအပ်ကြောင်းတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☑	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် တောင်စောင်းဒေသဖြစ်သောကြောင့် ကျေးရွာဧရိယာကျဉ်းမြောင်းကာ ကျေးရွာမှ ပိုင်ဆိုင်သော ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များမရှိပါ။ အပင်မျိုးစိတ်များအနေဖြင့် သစ်ခွ၊ သဇင်၊သစ်မာစသော အပင်မျိုးနှင့်အခြားတိရစ္ဆာန်မျိုးများအနေဖြင့် ဂျီ၊တောကြက်၊ တောဝက်၊ တောကြောင် တို့တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၆	၁၁	၆	၁၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ(၁၁)စုအများဆုံးဖြစ်သည်။အလွန်မပြေလည်သော အိမ်ထောင်စု အနေဖြင့်(၁၅)စုရှိကြောင်းတွေ့ရှိရဖြင့် ကျေးရွာသည်စီးပွားရေးအရကြပ်တည်းသော ကျေးရွာ ဖြစ်ကြောင်းတွေ့ရ ပါသည်။မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိသော်လည်း ငွေကြေးအရင်းအနှီးမလုံလောက်မှုကြောင့် ပိုင်ဆိုင်သည့်မြေယာ အားလုံးစိုက်ပျိုးနိုင်မှုမရှိခြင်းကြောင့် အဆင်မပြေသောအိမ်ထောင်စု များပြားကြောင်းတွေ့ရှိရ ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၂		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂_____ လုပ်အားခကြိုယူ = _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ရှိသော အဆင်မပြေသည့်အိမ်ထောင်စုများသည် နေ့စားခ နည်းပါးခြင်း၊ မြေယာအနည်းငယ်ရှိသော်လည်း စိုက်ပျိုးရေးစရိတ်မတတ်နိုင်ခြင်းတို့ကြောင့် ပို၍အဆင်မပြေဖြစ်ကြပြီး လုပ်အားခကြိုယူခြင်း၊ငွေချေးယူခြင်းနည်းလမ်းများဖြင့် ဝမ်းစာကိုပြေလည်အောင်ဖြေရှင်းနေရသည်ကို တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်		၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်		၁	၁
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၄		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆင်းရဲ၍အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(၄)စုရှိပြီး ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တခုလပ်အိမ်ထောင်စု(၁)စုရှိကြောင်းတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း		✓		✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း			✓	✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း	✓			✓		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓		✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		✓		✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		✓		✓		
၂၀	သစ်တောပြုန်းတီးခြင်း		✓		✓		
၂၁	ငှက်ဖျားရောဂါ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့် အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်) လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စု(၃၈)စုရှိသည့်အနက်ဆင်းရဲသောအိမ်ထောင်စု များမှာ ဆင်းရဲနွမ်းပါးမှုနှင့်လူဦးရေတိုးပွားလာမှုတို့ကြောင့်စားနပ်ရိက္ခာမလုံလောက်မှုနှင့် လက်ရှိဖြစ်ပွားနေသည့် ကူးစက်ရောဂါကြောင့် ထိခိုက်သက်ရောက်မှုရှိသည့် အိမ်ထောင်စု အတော်များသည်ကို တွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်			✓	✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု		✓		✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၃	ဆင်းရဲသားတောင်သူ		✓		✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓		✓		
၁၁	လူနည်းစုလူမျိုးများ		✓		✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူငယ်၊ဆင်းရဲသည့်အိမ်ထောင်စုများနှင့် ဆင်းရဲသား တောင်သူများသည် စားနပ်ရိက္ခာမဖူလုံမှုနှင့် လက်ရှိဖြစ်ပွားနေသည့် COVID-19ရောဂါကြောင့် ထိခိုက်သက်ရောက်သည့် အခြေအနေမြင့်မားသည်ကိုတွေ့ရပြီး လူငယ်များအနေဖြင့် ကျောင်းမတက်ရခြင်းကြောင့် ပညာရေးနှောင့်နှေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ နှောင့်နှေးခြင်းကြောင့် ဝင်ငွေမရှိခြင်းနှင့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် ဆင်းရဲသားတောင်သူများသည် အလုပ်အကိုင်များ အဆင်မပြေဖြစ်ပြီး သီးနှံစျေးကွက်မရှိမှု ကြောင့် ဝင်ငွေမရှိခြင်းတို့ ဖြစ်ပေါ်နေပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐၂☑၃☑	၄		၄	ပညာရေး☑ငွေကြေး☐ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	ကျေးရွာကော်မတီ	၁☐၂☑၃☐	၄		၄	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၃	VDPကော်မတီ	၁☐၂☑၃☑	၅	၂	၇	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၄	လူငယ်အဖွဲ့	၁☐၂☑၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၅		၁□၂□၃□				ပညာရေး☑ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၆		၁□၂□၃□				ပညာရေး□ငွေကြေး☑ ကျန်းမာရေး☑ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၇		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အဖွဲ့အစည်း(၆)ဖွဲ့ရှိပြီးစွမ်းဆောင်နိုင်မှုအသင့်အတင့်ရှိပါသည်။ ကျေးရွာရှိလူငယ်အဖွဲ့သည် ကျေးရွာ၏သာရေး/နာရေးကိစ္စရပ်များတွင်ပါဝင်ကူညီဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖ အဖွဲ့သည် ကျေးရွာ၏ဘာသာရေး၊လူမှုရေးနှင့် ကျေးရွာရှိဖြစ်သမျှကိစ္စရပ်များအားဦးဆောင်ဖြေရှင်းကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅☑၆□	ပညာရေး☑ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄☑၅□၆□	ပညာရေး☑ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□၃□၄□၅□၆□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးရေးအတွက်ပြင်ပအဖွဲ့အစည်းများမှ လာရောက်ကူညီခြင်းမျိုးမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁	၁	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃	၃	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၅		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၉		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၂၀		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၃၈		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်(၁၂.၅)ကေအထက်လုပ်ကိုင်သောအိမ်ထောင်စု(၂၀)စု၊(၅ဧကမှ ၁၂.၅)ကေ ကြား(၉) အိမ်ရှိပြီးစု၊(၂.၅ကေမှ ၅ကေ) တောင်သူ ငယ်အိမ်ထောင်စု(၅)စု၊(၂.၅)ကေအောက်ရှိသည့် ဆင်းရဲသားတောင်သူ (၃)စု၊ ရှိသည်ကိုတွေ့ရှိရပြီး မြေယာမဲ့ (၁)စုရှိကြောင်းတွေ့ရှိရ၍ ဆင်းရဲသားတောင်သူ များပြားကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(	ရေရရှိနိုင်မှု

		ဧက)	တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☑ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့☑တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်စိုက်ပျိုးရေးအဖြစ် ချောင်းရေရှိသော်လည်း စိုက်ပျိုးနိုင်သောကေမှာ အလွန်နည်းသည်ကို တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
သနပ်ဖက်	၁၄၅	ပိဿာ	၃၀၀	၉၀၀	၅၀၀			မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑နိမ့်☐
စပါး	၁၀	တင်း						မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☐နိမ့်☑	မြင့်☐လတ်☐နိမ့်☑☑
								မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံများမှာ သနပ်ဖက်၊စပါးကို စိုက်ပျိုးကြပြီး အထွက်နှုန်းမှာ အသင့်အတင့်ရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်				
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁၄			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြက်ရိတ်စက်(၁၄)ခုရှိပြီး အခြားသောစက်များမရှိပါ။ လယ်ယာလုပ်ကိုင်သူအချို့မှာမိရိုးဖလာနည်းအတိုင်း၊ ကျွဲ၊နွားများကို အသုံးပြု၍ စိုက်ပျိုးကြကြောင်းတွေ့ရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐**
စိုက်ပျိုးရေအရင်းအမြစ်	**ပေါများ☐အသင့်အတင့်ရှိ☑မဖြေဆိုပါ☐**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်☐ရသည်☐မဖြေဆိုပါ☑**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐**
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐**
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐** **သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ☐**
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	**ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐**

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်သီးနှံထွက်နှုန်းတိုးစေရန်အတွက် နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာလိုအပ်ပါသည်။သီးနှံများကိုလွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ရန်သီးနှံစျေးကွက်နှင့်ကုန်သွယ်မှုများစွာကို ကျေးရွာနှင့် ချိတ်ဆက်ဆောင်ရွက်မှသာလျှင် သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာရောင်းချနိုင်ကြောင်းတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

